SHAN

HUMAN RIGHTS FOUNDATION

www.shanhumanrights.org shanhumanrightsfoundation@gmail.com

## ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ လူ့အခွင့်အရေးချိုးဖေါက်မှု ထုတ်ပြန်ချက်

၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်

### ရှမ်းပြည်တောင်ပိုင်းနှင့်အရှေ့ပိုင်း၌ တက္ကသိုလ်ကျောင်းသားကျောင်းသူများမှ စစ်ကောင်စီ၏ ရွေးကောက်လပွဲတွင် အဓမ္မဖိအားပေးခံရမှုကြောင့် ကြိုတင်မဲပေးခဲ့ရ

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ၏ တတိယပတ်၌ ရှမ်းပြည်တောင်ပိုင်းရှိ ပင်းတယ၊ နမ့်စန်နှင့် ကွန်ဟိန်းမြို့နယ်များနှင့် ရှမ်းပြည်အရှေ့ပိုင်းရှိ မိုင်းဆတ်မြို့နယ်တို့တွင် ဒေသတွင်း အုပ်ချုပ်ရေးတာဝန်ရှိသူများ၏ ဖိအားပေး မှုကြောင့် တက္ကသိုလ်ကျောင်းသား၊ကျောင်းသူ ၂၅ဝသည် ဒီဇင်ဘာလ နောက်ဆုံးအပတ်တွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် ကြိုတင်မဲပေးခဲ့ရသည်။

အာဏာသိမ်းစစ်အစိုးရမှ ရွေးကောက်ပွဲအပိုင်း (၁) ကို ၂၀၂၅ ခုနစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်၄င်း၊ ရွေးကောက်ပွဲအပိုင်း ၂ ကို ၂၀၂၆ခုနစ် ဇန်နဝါရီ ၁၁ ရက်နေ့တွင် အသီးသီး ပြုလုပ်သွားမည်ဖြစ်ပြီး ထိုရွေးကောက်ပွဲပြုလုပ်မည့်နေ့တွင် နေထိုင်ရာ မဲဆန္ဒနယ်ပြင်ပသို့ တက္ကသိုလ်သွားရောက် တက်ရောက် မည့် ကျောင်းသားကျောင်းသူများကို မတူညီသည့်နည်းလမ်းများဖြင့် ကြိုတင်ဆန္ဒမဲပေးရန် ဖိအားပေးခံနေ ရခြင်းဖြစ်သည်။



*နမ့်စန်မြို့နယ်ရှိ ကြိုတင်မဲပေးရမည့်မဲရုံ*

ထိုသို့ဖိအားပေးခံရသည့် တက္ကသိုလ်ကျောင်းသား၊ကျောင်းသူအများစုမှာ တက္ကသိုလ်များသို့ယခုမှ ပထမနှစ်တက်ရောက်မည့် မောင်မယ်သစ်လွင်များဖြစ်ပြီး လာမည့်ဒီဇင်ဘာလတွင်ဖွင့်လှစ်မည့် တက္ကသိုလ်များတွင် ပထမနှစ် သင်တန်းတက်မည့် ကျောင်းသားများကျောင်းအပ်ရန်မှာ ရပ်ကွက်(သို့)ကျေးရွာအုပ်ချုပ်ရေးမှူး၏ အကျင့်စာရိတ္တကောင်းမွန်ကျောင်းထောက်ခံစာလိုအပ်ကာ အချို့အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များ (ဥပမာ-ပညာရေးတက္ကသိုလ်၊ ဆေးတက္ကသိုလ်)များတက်ရောက်မည့် ကျောင်းသားကျောင်းသူများမှာ ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်း၏ ထောက်ခံစာများလိုအပ်ပါသည်။ အခြားစာသင်နှစ်များကို တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများမှာလဲ အဆောင်နှင့်နေအိမ်များငှားရမ်းရန် ထောက်ခံစာများ လိုအပ်ကြပါသည်။ သက်ဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့များမှ ကျောင်းသား၊ ကျောင်း သူများကို ကြိုတင်မဲပေးပြီးသည့် အထောက်အထားမပါ ပါက အဆိုပါ ထောက်ခံစာများကိုထုတ်မပေးဘဲ ဖိအားပေးမဲပေး စေခဲ့ခြင်းဖြစ်သည်။

ကွန်ဟိန်းမြို့နယ်တွင် ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဆယ်အိမ်မှူး၊ရာအိမ်မှူးများမှ တစ်အိမ်တက်တစ်အိမ်ဆင်း နေအိမ်များတွင် တက္ကသိုလ်ကျောင်းသားများရှိမရှိကို နိုဝင်ဘာလ ပထမပတ်ကတည်းက လိုက်လံစာရင်းကောက်ယူကာ နိုဝင်ဘာလ ၁၇ရက်နေ့နှင့် ၁၈ ရက်နေ့တွင် မဖြစ်မနေ လာရောက် ကြိုတင်မဲပေးရန်အကြောင်းကြားခဲ့သည်။နိုဝင်ဘာလ ၁၇ ရက်နေ့နှင့် ၁၈ ရက်နေ့များ တွင် ကွန်ဟိန်းမြို့နယ် အတွင်းရှိမဲရုံ ၂ ခုတွင် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ ၃၆ ဦးမဲပေးခဲ့ရသည်။

နိုဝင်ဘာလ ၁၇ ရက်နေ့မှ နိုဝင်ဘာလ ၂၀ ရက်နေ့အတွင်းတွင် နမ့်စန်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ ရပ်ကွက်ကျေးရွာ ရွေးကောက်ပွဲကော်မရှင်ရုံး ၉ ခုတွင် တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၇၉ ဦး ကြိုတင်မဲပေးခဲ့ရသည်။

နမ့်စန်မြို့မှ မန္တလေးမြို့သို့ တက္ကသိုလ်သွားရောက်တက်ရောက်မည့် တက္ကသိုလ်ကျောင်းသားတစ်ဦးမှ “ကျနော်ကဆယ်တန်းဆက်မဖြေဘဲ ကျောင်း ၃နှစ်လောက်နားထားတာကနေ အရင်နှစ်ကမှ ၁၀ တန်းပြန်ဖြေတာ၊ အဲ့ဒီတော့အသက်က ၁၈ ကျော်နေပြီ၊ကျောင်းသွားအပ်ဖို့က ရပ်ကွက်ရုံးမှာ ထောက်ခံစာသွားယူတော့ မဲပေးပြီးမှ ပြန်လာယူတဲ့၊ ၁၇ ရက်နေ့ကနေ ၂၁ ထိကြိုတင်မဲသွားပေးရမယ် လို့သူတို့ကပြောတယ်၊ အဲ့တာနဲ့မဲပေးဖို့စိတ်မဝင်စားဘဲ သွားပေးလိုက်ရတာ“ ဟု ၄င်းကြိုတင်မဲပေးခဲ့ရ သောအခြေအနေကိုရှင်းပြခဲ့သည်။

အလားတူ နိုဝင်ဘာလ ၁၇ ရက်နေ့တွင်လည်း ရှမ်းပြည်တောင်ပိုင်း၊ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တက္ကသိုလ်ကျောင်းသားကျောင်းသူ (၉၄) ဦး ကြို တင်မဲပေးခဲ့ရသည်။

ရှမ်းပြည်အရှေ့ပိုင်းမိုင်းဆတ်မြို့နယ်တွင်လည်း ထောက်ခံစာရရှိရန်အတွက် သက်ဆိုင်ရာ ရပ်ကွက်ကျေး ရွာ ရွေးကောက်ပွဲကော်မရှင်ရုံး ၆ ခုတွင် နိုဝင်ဘာလ ၁၈ ရက်နေ့နှင့် ၁၉ ရက်နေ့များတွင် တက္ကသိုလ် ကျောင်း ကျောင်းသူ ၄၇ ဦးမဲပေးခဲ့ရပြီး အများစုမှာဆန္ဒမပါဘဲမဲပေးခဲ့ရသည်ဟု ဖိအားပေး မဲပေးခဲ့ရသော ကျောင်းသူတစ်ဦးကပြောသည်။

ပြည်သူများကို ၎င်းတို့၏ ဆန္ဒမပါဘဲ မဲပေးရန် အတင်းအကျပ် ဖိအားပေးသည့် ဤလုပ်ရပ်များသည် စစ်ကောင်စီ၏ ရွေးကောက်ပွဲသည် လွတ်လပ်မှု၊ တရားမျှတမှုနှင့် ဒီမိုကရေစီနည်းကျမှု မရှိကြောင်းကို မီးမောင်းထိုးပြနေပါသည်။

## ဆက်သွယ်ရန်

**Signals**

*စိုင်းပောဲရှဲန်*

*ယိင်းလျန်းပာန်*

*ရှမ်း နှင့် အင်္ဂလိပ်*

*မြန်မာ*